International IDEA

CLUB DE MADRID

ANFREL
Asian Network for Free Elections

## မြန်မာစစ်အုပ်စု၏ 'ရွေးကောက်ပွဲ'အစီအစဉ်များအပေါ်
## နိုင်ငံတကာရွေးကောက်ပွဲကျွမ်းကျင်သူများနှင့် အဖွဲ့အစည်းများ၏ ပူးတွဲကြေညာချက်

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး၊ ရွေးကောက်ပွဲနှင့် ဒီမိုကရေစီအကူအညီပေးရေးတို့ကို အဓိကဆောင်ရွက်နေကြပြီး စစ်မှန်၍ အများယုံကြည်သည့် ရွေးကောက်ပွဲများ ဖြစ်ထွန်းလာစေရေး တိုက်တွန်းထားသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းကို လေးစားလိုက်နာသော အောက်ဖော်ပြပါ လက်မှတ်ရေးထိုးထားသည့် ကျွန်ုပ်တို့အဖွဲ့အစည်းများသည် တရားဥပဒေနှင့်မညီသည့် မြန်မာစစ်အုပ်စု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) က ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် 'ရွေးကောက်ပွဲ'အမည်ခံ အစီအစဉ်များကို ပြတ်ပြတ်သားသားပင် ငြင်းပယ်သည်။

စစ်မှန်သည့် ရွေးကောက်ပွဲများသည် တရားဝင်မှုရှိသော အုပ်ချုပ်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည့် မြန်မာပြည်သူလူထု၏ ဆန္ဒကို လွတ်လွတ်လပ်လပ် ဖော်ပြခွင့်ပေးသော၊ ပွင့်လင်းပြီး ယှဉ်ပြိုင်မှုရှိသော ပတ်ဝန်းကျင်တစ်ခု လိုအပ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်အုပ်စုသည် စစ်အာဏာသိမ်းမှုကျူးလွန်ပြီး ဒီမိုကရေစီနည်းကျရွေးကောက်ခံအစိုးရနှင့် လွှတ်တော်တို့ထံမှ အကြမ်းဖက် အာဏာလုယူခဲ့သည်။

စစ်အုပ်စုက အကြမ်းဖက်မှုလုပ်ရပ်များ၊ အတင်းအဓမ္မနေရပ်ရွှေ့ပြောင်းစေမှုနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များ အပေါ် ဖိနှိပ်မှုများ တရစပ်ကျူးလွန်နေသည်မှာ လေးနှစ်တာကာလထိ ရောက်ရှိလာချိန်တွင် မြန်မာနိုင်ငံသည် စနစ်တကျ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြီးကြီးမားမား ရင်ဆိုင်ကြုံတွေ့နေသည့် နေရာတစ်ခု ဖြစ်လာပါသည်။ အတိုက်အခံနိုင်ငံရေးပါတီများကို ပိတ်ပင်သည့်ပြင်းထန်သောဥပဒေ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးအကျဉ်းချခြင်း၊ သတင်းမီဒီယာများကို ပြင်းထန်စွာ ကန့်သတ်တားမြစ်ခြင်းနှင့် မဲစာရင်းအတွက် အခြေခံအဖြစ် စစ်အုပ်စုက ကောက်ခံထားသည့် ယုံကြည်ဖွယ်ရာမရှိသော သန်းခေါင်စာရင်းကောက်ယူမှုတို့ အပါအဝင် လက်ရှိအခြေအနေများအောက်တွင် မြန်မာနိုင်ငံ၌ စစ်မှန်သည့် ရွေးကောက်ပွဲတစ်ခုကျင်းပရန် မဖြစ်နိုင်ပါ။ ထိုကဲ့သို့သော မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေမျိုးအောက်တွင် ကျင်းပမည့်

ရွေးကောက်ပွဲတစ်ခုသည် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများဆိုင်ရာ နိုင်ငံတကာ စံသတ်မှတ်ချက်များ၊ သို့မဟုတ် ရွေးကောက်ပွဲ သမာသမတ်ကျမှုအတွက် ကတိကဝတ်များနှင့်အညီ ဖြစ်လာနိုင်ရန် မရှိပါ။ ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ပူးတွဲကြေညာချက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင် နစက က ပြုလုပ်မည့် အဆိုပါလုပ်ငန်းစဉ်သည် တရားမဝင်အစိုးရတစ်ရပ်ကို အုတ်မြစ်ချပြီး တရားဝင်မှုရှိလာအောင် ကြိုးပမ်းမှုတစ်ခုထက် မပိုပါ။

ကျွန်ုပ်တို့သည် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ထိုကဲ့သို့သော တရားဝင်မှုမရှိသည့် ရွေးကောက်ပွဲအတွက် နစက အား မည်သည့် နည်းပညာ၊ အထောက်အကူပြုပစ္စည်း သို့မဟုတ် နိုင်ငံရေးအရပံ့ပိုးမှုမှ မပေးရန် တိုက်တွန်းပါသည်။ ကျွန်ုပ်တို့သည် ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်ကို ကာကွယ်ရန်နှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထူထောင်ရန်၊ ၂၀၂၂ ခုနှစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၆၆၉ ကို အကောင်အထည်ဖော်ရန် အတွက် နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် တိုးမြှင့်ကြိုးပမ်းဆောင်ရွက်ကြပါရန် ထပ်လောင်းတောင်းဆိုပါသည်။ မြန်မာစစ်အုပ်စုကို အရေးယူပိတ်ဆို့ရန် နိုင်ငံများကို တိုက်တွန်းပြီး ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်မူဘောင်အတွင်းမှတဆင့် အနာဂတ်ကာလတွင် စစ်မှန်သည့် ရွေးကောက်ပွဲများ ဖြစ်ပေါ်လာစေရန် အခြေခံအုတ်မြစ်များ တည်ဆောက်ရာတွင် မြန်မာ့ဒီမိုကရေစီညွန့်ပေါင်းအဖွဲ့နှင့်အတူ ဆောင်ရွက်ရန် နိုင်ငံတကာ အသိုက်အဝန်းကို တိုက်တွန်းပါသည်။

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများအနေဖြင့် ကျွန်ုပ်တို့သည် ရွေးကောက်ပွဲများ၏ အရည်အသွေးကို အကဲဖြတ်ရာတွင် နိုင်ငံတကာစံနှုန်းများဖြစ်သည့် သမာသမတ်ကျမှု၊ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတို့အပေါ်တွင် အခြေခံသည်။ လက်ရှိ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူ့အခွင့်အရေးများကို စနစ်တကျ ငြင်းပယ်နေသည့် အခြေအနေများအောက်၌ နစက၏ ဟန်ပြရွေးကောက်ပွဲကို အဖတ်ဆယ်နိုင်သည့် သို့မဟုတ် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများအတွက် 'အနည်းဆုံး' စံသတ်မှတ်ချက်ကို အဆိုပြုခြင်းဖြင့် ၎င်း၏ 'ရွေးကောက်ပွဲ' အစီအစဉ်များကို တရားဝင်မှုရှိအောင် လုပ်ဆောင်နိုင်သည့် နည်းပညာပိုင်းဆိုင်ရာအကြံပေးမှုများ သို့မဟုတ် ပြုပြင်ပြောင်းလဲမှုများဟူ၍ မရှိပါ။

စစ်တပ်၏ အတုအယောင်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးကိုသော်လည်းကောင်း၊ တည်ငြိမ်ရေးကိုသော်လည်းကောင်း ဆောင်ကျဉ်းပေးလိမ့်မည် မဟုတ်ကြောင်း မြန်မာ့ဒီမိုကရေစီအရေး

လှုပ်ရှားမှုက လေးလေးနက်နက် ယုံကြည်သည်။ ယင်းအစား ထိုအတုအယောင်ရွေးကောက်ပွဲသည် သဘောထားကွဲလွဲမှုများ ပိုမိုနက်ရှိုင်းလာခြင်း၊ အင်အားသုံးတုံ့ပြန်မှု မြင့်တက်လာစေခြင်း၊ အာဏာရှင်အုပ်ချုပ်မှုကို ခိုင်မာစေခြင်းနှင့် စစ်အာဏာသိမ်းမှုကြောင့် ဖြစ်ပွားခဲ့ရသည့် ပဋိပက္ခကို ပိုမိုဆိုးရွားလာစေခြင်းတို့ ဖြစ်စေပါလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံ၏ တရားဝင်မှုရှိသည့် ကြားကာလအစိုးရ အင်စတီကျူးရှင်းများကို ထောက်ခံပံ့ပိုးရန်၊ ပြတ်ပြတ်သားသား ဆောင်ရွက်ကြရန်နှင့် မြန်မာပြည်သူလူထု၏အသံကို မြှင့်တင်ပေးရန် ကမ္ဘာ့လူမှုအသိုက်အဝန်းကို တိုက်တွန်းပါသည်။

နိုင်ငံတကာဖိအား စဉ်ဆက်မပြတ်ပေးခြင်း၊ မြန်မာပြည်သူလူထုနှင့်အတူရပ်တည်ခြင်း၊ တရားမျှတမှုနှင့် တာဝန်ခံမှုရှိစေရေးအတွက် မယိုင်မလဲသည့် အားထုတ်မှုရှိခြင်းတို့ဖြင့်သာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ပြန်လည်ထူထောင်နိုင်မည် ဖြစ်ပါသည်။

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA)

လွတ်လပ်သောရွေးကောက်ပွဲများဆိုင်ရာ အာရှကွန်ယက် (ANFREL)

ကလပ်ဒီမက်ဒရစ်အသင်း (Club de Madrid)

နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းကို ထောက်ခံအားပေးသော အခြားအဖွဲ့အစည်းများ၊ အင်စတီကျူးရှင်းများနှင့် အသင်းအဖွဲ့များအား ဤကြေညာချက်တွင် ပူးပေါင်းပါဝင်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးရန်အတွက် လက်မှတ်ရေးထိုးထားသော အဖွဲ့များက ဖိတ်ခေါ်အပ်ပါသည်။